# သမတအိမ်တော် ရန်ကုန်မြို့

# ၁၉၅၉ ခုနှစ်၊ ပါလီမန်က ခွင့်ပြုသည့်ငွေထက် ပို၍သုံးသောငွေများကို ခွင့်ပြုသည့်အက်ဥပဒေ။

**[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၇။]**

**၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်။**

**(၁၉၅၉ ခုနှစ်၊ စက်တဘာလ ၂၆ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရအောက်ဖော်ပြပါအက်ဥပဒေကိုထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ **၁၉၅၉ ခုနှစ်၊ ပါလီမန်က ခွင့်ပြုသည့်ငွေထက်ပို၍သုံးသောငွေများကိုခွင့်ပြုသည့် အက်ဥပဒေ**ဟုခေါ်ရမည်။

၂။ ။ ၁၉၅၅-၅၆ ခု၊ ဘဏ္ဍာတော်နှစ်အတွက် မြို့ပြဆိုင်ရာဌာနများနှင့်စပ်လျဉ်း၍ ပါလီမန်က ခွင့်ပြု ထားသော ခွင့်ပြုတောင်းဆိုချက်များထက် ပို၍ကျခံသုံးစွဲထားသည့်–

(က) ခွင့်ပြုချက်အမှတ် ၁၅၊ တရားရေးအတွက်ကျပ် ၆, ၂၀, ၀၇၆နှင့်

(ခ) ခွင့်ပြုချက်အမှတ် ၂၂၊ ပညာရေးအတွက် ကျပ် ၁၀, ၅၀, ၅၅၀တို့ကိုခွင့်ပြုသည်။

၃။ ။ ပုဒ်မ ၂ တွင် ခွင့်ပြုသည့်ငွေထက် ပို၍သုံးသောငွေများသည်၊ ၁၉၅၆ ခုနှစ်၊ နောက်ထက်ဘဏ္ဍာတော် ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ(၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၁) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော် ငွေ ခွဲဝေသုံးစွဲခြင်းအပြင်နောက်ထပ်အပိုသုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်။
(၁၉၅၉ ခုနှစ်၊ စက်တဘာလ ၂၆ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။

၁၉၅၉ ခုနှစ်၊ ပါလီမန်က ခွင့်ပြုသည့်ငွေထက် ပို၍သုံးသောငွေများကို ခွင့်ပြုသည့်အက်ဥပဒေ။
[အမှတ် ၈၂]